# စာတမ်းရှင်၏ ကိုယ်ရေးအချက်အလက်များ

- စာတမ်းအမည် ။ ။ ရိုးရာအုတ်ပူမီးဖုတ်ဖြင့် လူနာများအား ကုသခြင်း။
- စာတမ်းရှင် ။ ။ ဒေါက်တာ ခင်သန်းနွဲ့
- ရာထူး ။ ။ သွားဖက်ဆိုင်ရာ ဆရာဝန်၊ ဒေသန္တရကျန်းမာရေးဌာန၊ တောင်ကြီးမြို့။
- ဆက်သွယ်ရန်လိပ်စာ ။ ။ ဒေသန္တရကျန်းမာရေးဌာန၊ အရှေ့မြို့ပတ်လမ်း၊
  ကန်ရှေ့ရပ်၊ တောင်ကြီးမြို့
  ဖုန်း-၀၉-၅၂၁၀၈၁၀

# ရိုးရာ အုတ်ပူမီးဖုတ်ဖြင့် လူနာများအားကုသခြင်း

ဆေးပညာ တိုင်း၏ ရည်ရွယ်ချက်သည် လူသားတို့ ခံစား နေရသော ရောဂါ ဝေဒနာ များကို ပျောက်ကင်းအောင် ကုသပေးခြင်း နှင့် ရောဂါ ဝေဒနာ မခံစားရအောင် ကြိုတင် ကာကွယ်တတ်ရန် ပညာပေးခြင်းတို့ဖြင့် လူသားတို့၏ အသက် အန္တရာယ်ကို ကာကွယ် ပေးခြင်းဖြစ်ပါသည်။

ကျွန်ုပ်သည် မိမိ ၏ ကျန်းမာရေး အခြေအနေနှင့် ဝါသနာ အရ တိုင်းရင်းဆေး ပညာ ကို လေ့လာ ဆည်းပူးခဲ့ရာမှ မိမိ ကိုယ်တိုင် ကျန်းမာ လာခဲ့ပြီး လူနာ အချို့ကိုလည်း ကုသပေး နိုင်ခဲ့ ပါသည်။ တိုင်းရင်းဆေး ပညာ၏ အံ့သြဘွယ်ရာ အတွေးအခေါ် အယူအယူ အဆ၊ ကိုယ်ခန္ဓာ ၏ ဖေါက်ပြန် ပြောင်းလဲမှု၊ သဘာဝ အရင်းအမြစ်များ ဖြစ်သော ရာသီဥတု၊ မြေမှ ထွက်သော ပစ္စည်း၊ ရေမှ ထွက်သော ပစ္စည်း၊ တိရိစ္ဆာန်များမှ ရရှိသော ပစ္စည်းများ နှင့် သစ်ပင်၊ သစ်မြစ်၊ သစ်ဖု၊ သစ်ဉ၊ တို့၏ ခန္ဓာ ကိုယ်ပေါ်သက် ရောက်မှုများကို လေ့လာတွေ့ ရှိခဲ့ရပါသည်။

ကျွန်ုပ်ကိုယ်တိုင် ပါဝင် အုတ်ပူမီးဖုတ် ခြင်းဖြင့် လူနာ အချို့အား ကုသ အောင်မြင်ခဲ့ပုံ ကို တင်ပြရင်း ကျွန်ုပ်၏ လိုအပ် ချက်များ၊ အားနည်း ချက်များကို ဖြည့်စွတ် ပေးပါရန် ဆေးပညာ ရှင်များအား ဆွေးနွေး တိုင်ပင် လိုပါသဖြင့် ဤစာတမ်း ကို တင်ပြခြင်း ဖြစ်ပါသည်။

| | |
|---|---|
| ရည်ရွယ်ချက် | - ရိုးရာ အုတ်ပူ မီးဖုတ်ဖြင့် ရောဂါ ကုသ အောင်မြင်ခဲ့ ပုံကို တင်ပြလိုခြင်း။ |
| အသေးစိတ်<br>ရည်ရွယ်ချက် | -(၁)ကျွန်ုပ် ကိုယ်တိုင် အုတ်ပူ မီးဖုတ်ခြင်းဖြင့် ကုသမှု ခံယူခဲ့ ရခြင်း။<br>(၂) နာတာရှည် လူနာ ၂ဦးအား အုတ်ပူ မီးဖုတ်ခြင်းဖြင့် မှုအောင်မြင်ခဲ့ပုံ ကို တင်ပြခြင်း။<br>(၃)အရေးပေါ်လူနာ ၃ဦးအား အုတ်ပူမီးဖုတ်ခြင်းဖြင့်၊ ကုသမှု အောင်မြင်ပုံကို တင်ပြခြင်း။<br>(၄)အုတ်ပူ မီးဖုတ် ပြုလုပ်ပုံ၊<br>(၅)အသုံးပြုသောဆေးများ။<br>(၆)ဆောင်ရန် နှင့် ရှောင်ရန်။ |
| သုတေသန<br>ပြုလုပ်နည်း | -ကျွန်ုပ် အပါအဝင် ကျွန်ုပ် ထံကုသခံလူနာ အချို့အား ရွေးချယ် တင်ပြခြင်း။ |
| သုတေသနပြု<br>လုပ်သည့်နေရာ | - တောင်ကြီးမြို့။ |
| သုတေသနပြု<br>လုပ်တင်ပြခြင်း | (၁) -ဒေါက်တာ ခင်သန်းနွဲ့<br>အသက်(၃၃) နှစ်တကြိမ်(၁၉၉၆ ခုနှစ်၊ ကလောမြို့)<br>အသက်(၃၆)နှစ်တကြိမ်(၁၉၉၉ ခုနှစ်၊ တောင်ကြီးမြို့) |

# ကုသမှုခံယူခြင်း

ကျွန်ုပ် သည် ၁၉၉၆ ခုနှစ် ဧပြီလ တွင် ကလောမြို့၌ နေစဉ် ပထမကလေးမွေးပြီး၃ လခန့် ကြာသောအခါ ညအိပ်ရာ ဝင်လျှင် စောင်မည် မျှခြုံထား ပါစေ နွေးထွေး ခြင်းမရှိ ဘဲ အလွန် ချမ်းစိမ့်ခြင်း ဖြစ်ခဲ့ပါသည်။ ထိုသို့ခံစား ရကြောင်း မိခင်ကြီးမှ သိသော အခါ ရွာမှ ကလောမြို့ သို့ ရောက်ရှိလာပြီး ကျွန်ုပ်အား ၎င်းတို့၏ ရိုးရာအုတ်ပူမီး ဖုတ်နည်းဖြင့် ပြုလုပ် ပေးခြင်း၊ မုန်ညင်းဆီများ၊ ဆနွင်းများ၊ ဂျင်းများ ထောင်း၍ လိမ်းကျံ ပေးခြင်း ပြုလုပ် ပေးခဲ့ရာ ချမ်းစိမ့်သော ဝေဒနာ သက်သာ လာခဲ့ရ ပါသည်။

၁၉၉၉ ခုနှစ်တွင် တောင်ကြီးမြို့၌ ဒုတိယ ကလေး မွေးဖွားပြီး ညာဘက် တခြမ်း လေးပြီးလမ်း လျှောက်ရ ခက်ခဲ လာခဲ့ပါသည်။ လူနာများအား သွားနှုတ် ပေးသည့် အခါ လက်ကိုက် ခဲခြင်း၊ မီးခလုတ်များ ထိတိုင်း ဓါတ်လိုက် သကဲ့ သို့ ကျင်ခနဲ ဖြစ်တတ်ခြင်း၊ နောက်ပိုင်း တွင် ထမင်းစားလျှင် ဖွန်းကိုင် ရင်းပြုတ် ကျတတ်ခြင်း တို့ဖြစ်လာ ခဲ့ပါသည်။

ထိုအချိန်တွင်မိမိသည် တိုင်းရင်းဆေး ပညာကို စတင် လေ့လာသည့် အချိန်ဖြစ်ပြီး ဆရာ ဖြစ်သူမှ တိုင်းရင်း ဆေးများနှင့် အုတ်ပူမီး ဖုတ်ခြင်းဖြင့် ကုသခဲ့ရာမှ ခံစားခဲ့ရသော ဝေဒနာများ သက်သာပျောက် ကင်းသွား ခဲ့ ပါသည်။

# ဝေဒနာခံစားရသည့် အကြောင်းရင်း

-ကလေး ကိုပိုက်ခွဲ ၍ မွေးဖွားခဲ့ခြင်း။

-၁၉၉၆ ခုနှစ် ပထမ ကလေး မွေးဖွားချိန် တွင် မိုးများ တဖွဲဖွဲ ရွာခြင်း။

-မီးတွင်းရိုးရာ အယူ အဆများ ကို လက်မခံ ခဲ့ခြင်း။

-သွေးနုသားနု တွင် သွားနုတ် ကရိယာများ ကိုင်တွယ်ခြင်း။

နေအိမ် သည် ကလောမြို့ ကုန်းမြင့်ပေါ်တွင် တည်ရှိပြီး လေတ ဖြူးဖြူးတိုက် နေခြင်း။

-၁၉၉၇ ခုနှစ်တွင် ဒုတိယကလေး အားပိုက်ခွဲ ၍ မွေးဖွားခြင်း။ ၄င်း ကလေးမွေးဖွား ပြီး ရိုးရာ အယူအဆကို အနည်းငယ်လက်ခံခဲ့ပြီး စနစ်တကျ ဆောင်ရွက် မှုမရှိခဲ့ပါ။

-၁၉၉၉ခုနှစ် မတ်လတွင် တတိယ ကလေးကို ပိုက်ခွဲ မွေး ဖွားခဲ့ပါသည်။ ထိုအချိန်တွင်လည်း တောင်ကြီးမြို့ တွင် မိုးများ တဖွဲဖွဲ ရွာသွန်း လျှက်ရှိပါသည်။ ထုံဆေးပျက်ပြီးသောအခါ ခြေထောက်များ အလွန် အေးပြီး ထုံကျင် သောဝေဒနာကို ခံစားခဲ့ရပါသည်။ လူနာစောင့်မှ ခြေထောက်ကိုင် ကြည့်လျှင် ခြေထောက်များအေးစက်ခြင်း မရှိပဲ ပူနွေးနေပါသည်။ ၄င်းကလေး မွေးပြီးကျန်းမာရေး ချို့တဲ့လာကာ ၄-၅ လ နောက်ပိုင်းတွင် ညာဘက်ကခြမ်းလေးပြီးလမ်း လျှောက်ခက်ခဲလာခဲ့ပါသည်။

# နာတာရှည် လူနာအား ကုသပေးခဲ့ခြင်း။

| | |
|---|---|
| လူနာ(၂) | • ဒေါ်မော်မော် (၄၁) နှစ်<br>ကျောင်းဆရာမ<br>ရေအေးကွင်းရပ် (တောင်ကြီးမြို့)<br>ဩဂုတ်-၂၀၀၅ |
| Chief Complain | . လမ်းမလျှောက် နိုင်ခြင်း။ ဆေးရုံပြခဲ့ပြီး L5 တွင် အကြောညှပ် ၍ ခွဲစိတ် ကုသရန် ညွှန်ကြားခံ ရခြင်း။ |
| စတင်တွေ့ရှိသည့် အခြေအနေ | . ဘယ်ဘက် တစ်ခြမ်း အေးစက်ပြီး၊ လမ်းမ လျှောက်နိုင် ခြင်း၊ ၄-၅ လမ်းမျှ လျှောက်ပြီးထိုင် ချရခြင်း၊ လမ်းလျှောက် လျှင် ဘယ်ဘက် စောင်းနေခြင်း။ |
| ကုသခြင်း | . လိမ်းဆေးဆီ တကိုယ် လုံးလိမ်းပေးပြီး အုတ်ပူမီး ဖုတ်ပြု လုပ်ပြီး ကုသပေးရာ ၁၅ရက်မှ တလ အတွင်း တဖြည်းဖြည်း သက်သာလာခဲ့ပြီး အလုပ်ပြန်ဝင် နိုင်ခဲ့ပါသည်။ |
| ဝေဒနာခံစားရသည့် နောက်ကြောင်း | . ရေချိုး ခေါင်းလျှော် အလွန်ကဲခြင်း၊ နေ့စဉ် ဆိုင်ကယ်စီးပြီး ကျောင်းသွားခြင်း။ |

# နာတာရှည် လူနာအား ကုသပေးခဲ့ခြင်း။

| | |
|---|---|
| လူနာ(၃) | -နန်းမွန်းဟွမ် (၄၁) နှစ်<br>မိုနို<br>ရတနာသီရိရပ်၊ တောင်ကြီးမြို့။<br>Feb: 2008 |
| Chief Complain | . အောက်ပိုင်း လေးပြီး လမ်းမလျှောက် နိုင်ခြင်း၊ တုတ်ထောက်၍ လမ်းလျှောက် ရခြင်း၊ ကြမ်းပြင်ပေါ် ထိုင်ချ၍ မရခြင်း၊ တင်ပဆုံတဘက်နိမ့်၊ တဘက်မြင့် ဖြစ်ရခြင်း၊ တောင်ကြီး၊ မန္တလေး အရိုးအကြော ဆရာဝန်ကြီးများ နှင့် ပြသခဲ့ပြီး AVN ရောဂါ ဟု သတ်မှတ်ပြီး ဆေးကုသမှု ခံယူနေရခြင်း။ ပယောဂ ဆရာ၊ အကြောပြင် ဆရာ များနှင့် ကုသမှုခံယူပြီးခြင်း။ |
| ကုသခြင်း | -လိမ်းဆေးဆီ တကိုယ်လုံး လိမ်းပေးပြီး အုတ်ပူ မီးဖုတ် ပြုလုပ်ပေးခြင်း ၂ရက် မြောက်နေ့တွင် ဆောင့်ကြောင့် ထိုင်နိုင်ခဲ့ခြင်း။ နေ့စဉ် အုတ်ပူမီးဖုတ် ပြုလုပ်ခဲ့ရာ တဖြည်းဖြည်း ပေါ့ပါး လန်းဆန်း လာပြီး ဝမ်းပုတ်၊ သွေးပုတ် များကျဆင်း လာပါသည်။ ၁ လခန့် ကုသမှု ခံယူပြီး သက်သာ လာပါသည်။ လမ်းလျှောက်ရာတွင် တုတ်မလိုတော့ပဲ အိမ်မှု ကိစ္စ များပြုလုပ်လာ နိုင်သည်။ ခြေထောက် တဘက်နိမ့်၊ တဘက်မြင့် မပျောက်ခဲ့ပါ။ |
| ဝေဒနာခံစားရသည့် နောက်ကြောင်း | -လွန်ခဲ့ သော ၁ နှစ်ခန့်က ၃ လအရွယ် ကိုယ်ဝန် ပျက်ကျခဲ့ပြီး အဝတ်များ လျှော်ခြင်း၊ မိုးထဲရေထဲ ဈေးရောင်းခြင်း၊ ဆိုင်ကယ် စီးခြင်း။ လစဉ် ဓမ္မတာ သွေး မှန်သော်လည်း တဖြည်းဖြည်း နည်းလာခြင်း။ |

# အရေးပေါ် လူနာများအား ကုသပေးခဲ့ခြင်း။

**လူနာ(၄)**

-ဒေါ်ကျင်ကျင်အေး(၃၄)
မှီခို
၈/၂၀၀၆
ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့၊ ညစနာရီ

**Chief Complain**

- ခေါင်းအရမ်းကိုက်ပြီး ခြေလက်ကုတ်တက်နေခြင်း။

**စတင်တွေ့ရှိသည့် အခြေအနေ**

-ခေါင်းအလွန်ကိုက်ခြင်း၊ ခြေလက်များ ကုတ်တက်ပြီး ထုံကျင်နေခြင်း။
စကားပြောရခက်ခဲလာခြင်း၊ တကိုယ်လုံး အေးစက်နေခြင်း။

**အရေးပေါ်ကုသခြင်း**

-လိမ်းဆေးဆီ တကိုယ်လုံး လိမ်းပေးခြင်း ခြေဖဝါး ဆုတ်နယ် ပေးပါသည်။ သွေးပေါင်ချိန် တိုင်းကြည့်ရာ ၁၂၀/၈၀ mmg ဖြစ်၍ သွေးတိုးကြောင့် မဟုတ်၍ Alexan ၁ လုံးသောက်ခိုင်း လိုက်ပါသည်။ ဆေးသောက်ပြီး ပြန်အန်ထုတ် ပါသည်။ မီးမွှေးပြီး အုတ်ပူ မီးဖုတ် ပြုလုပ်ကာ အိပ်ရာ တွင် ထည့်ပြီး အိပ်စေပါသည်။ ၁၅ မိနစ်ခန့် ကြာသော် ခြေလက်များ နွေးလာပြီး သက်သာလာပါသည်။ ခေါင်းကိုယ်လုံး ချွေးထွက်လာပြီး သွေးခဲများ ဆင်းလာပါသည်။ နောက်နေ့ မနက်တွင် သက်သာ သွားပြီး ရန်ကုန်သို့ ခရီး ထွက်ခွာ နိုင်ခဲ့ပါသည်။

**ဝေဒနာခံစားရသည့် နောက်ကြောင်း**

-ထိုအချိန်တွင် တောင်ကြီးမြို့ တွင် ၄-၅ရက်ဆက်တိုက် မိုးစွေနေခဲ့ ပြီး ဝေဒနာရှင် သည် ဓမ္မတာ သွေးပေါ်စဉ် ဆီဆိုင်မြို့ သို့ ကားဖြင့် ခရီးသွားခဲ့ပါသည်။ လမ်းခရီးတွင် စမ်းချောင်းရေ ကို လမ်းလျှောက် ဖြတ်ခဲ့ရပြီး သွေးချုပ်သွားခဲ့ပါသည်။ ခရီးအပြန် လမ်းတွင် ခေါင်းကိုက်လာပြီး ညနေကို ပဲပုတ်ဟင်း၊ ပဲထွန် နှင့် မုန်ညင်းချဉ်ဟင်း ဖြင့် စားသောက်ခဲ့ပါသည်။ ထမင်း စားပြီး ခေါင်းပိုမိုကိုက်လာကာ ည ၈ နာရီခန့်တွင် ခြေလက်ထုံ ကျင်လာပြီး ကုတ်တက်လာပါသည်။ စကားပြောလည်း လေးလာပါသည်။

| | |
|---|---|
| လူနာ(၅) | -မသုဓမ္မစာရီ (၁၈) နှစ်<br>ပဒုမ္မာရီသီလရှင်ကျောင်း<br>ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့<br>နေ့စွဲ၊ ၂၅-၇-၂၀၀၇ |
| Chief Complain | -ပိုက်နာပြီး ခြေလက်များ ကုတ်တက်လာခြင်း။ |
| စတင်တွေ့ရှိသည့် အခြေအနေ | -ပိုက်နာပြီး ခြေလက်ကုတ် လာခြင်း၊ တကိုယ်လုံး အေးစက်နေခြင်း။ |
| အရေးပေါ်ကုသခြင်း | -လိမ်းဆေးဆီ တကိုယ်လုံးလိမ်းပေးပြီး ခြေဖဝါး ဆုပ်နယ်ပေးပါသည်။<br>-မီးအမြန်မွေးပြီး အုတ်ပူမီး ဖုတ်ပြုလုပ် ကာ အိပ်ရာ တွင် ထည့် အိပ်စေပါသည်။<br>-၁၅ မိနစ်ခန့်တွင် ခြေလက်များ နွေးလာပြီး ပိုက်နာသက် သာလာပါသည်။<br>- ညတွင် သွေးခဲများ ပြန်ဆင်းလာပါသည်။ |
| ဝေဒနာခံစားရသည့် နောက်ကြောင်း | - ဓမ္မတာသွေးပေါ်နေစဉ် ဆွမ်းဆန် စိမ်းအလှူ ခံခဲ့ရာ မိုးမိလာခဲ့ပါသည်။<br>- ကျောင်းရောက်သော် ရေမိုးချိုး အဝတ်လျှော်ခြင်းဖြင့် အအေးခံခဲ့ပါသည်။ သွေးဆင်းခြင်း ရပ်သွားသည်။ ညဘုရား ဝတ်တက်စဉ် ပိုက်နာလာရာ မှ ညအိပ်ရာဝင် ချိန်တွင် ပိုက်ပိုနာပြီး ခြေလက်များကုတ်တက်လာခြင်း ဖြစ်ပါသည်။ ဆွမ်းဟင်း ကို ပဲပုတ်၊ မုန်ညှင်းချဉ်ဟင်း ဖြင့် ဘုန်းပေးခဲ့ပါသည်။ |

**လူနာ(၆)**

- မောင်ထွန်းနိုင် (၂၂) နှစ်
  ပန်းရံ (အလုပ်အကိုင်)
  ကံကြီးရပ်၊ တောင်ကြီးမြို့။ (နောင်ယွေးရွာမှ လာ၍ ပန်းရံလုပ်ခြင်း)
  ဇူလိုင်/၂၀၀၈

**Chief Complain**

- ဗိုက်နာပြီး ခြေလက်များ ကုတ်တက်လာခြင်း။

**စတင်တွေ့ရှိသည့် အခြေအနေ**

- ဗိုက်တင်းပြီး နာ၍ အထိ မခံနိုင်ခြင်း၊ ခြေလက်များ အေးစက်နေခြင်း။ မိုးကာ ရွက်ဖျင် တဲဖြင့်၊ မြေကြီးပေါ် ဝါးခြမ်း ခင်းပြီးအိပ်ခြင်း။ မိုးကာ ရွက်ဖျင်တဲဖြင့် အိပ်နေခြင်း၊ မြေကြီးပေါ် ဝါးခြမ်းခင်းပြီး အိပ်ခြင်း။

**အရေးပေါ် ကုသခြင်း**

- ခြေလက်များကို လိမ်းဆေးဆီဖြင့် လိမ်းကျံပေးသည်။B/p110/70mmg /Hg.
- inj Buscopan
- spasmo orally
- Renason orally
- Krimil/-s orally

**ဝေဒနာခံစားရသည့် နောက်ကြောင်း**

- ဆေးထိုး၊ စားဆေးပေးပြီး အိမ်ပြန် လာခဲ့ရာ အိမ်ရောက်ပြီး မကြာမီ လူနာရှင် လိုက်လာပြီး ဗိုက်နာတာ မသက်သာဘဲ ခြေလက်များ ထုံကျင်လာ ကြောင်းပြောပါသည်။ ဆေးရုံသွားရန်ပြော ပြသော်လည်း ငွေမရှိကြောင်း ပြောပါသည်။ ထို့ကြောင့် လိမ်းဆေးဆီကို တကိုယ်လုံးလိမ်းကျံပေးပြီး အုတ်ပူမီးဖုတ် အရေးပေါ် ပြုလုပ်ပေးပါသည်။ အိပ်ရာတွင် အုတ်ပူ မီးဖုတ် ထည့်၍ အိပ်ခိုင်းပြီး ခဏ အကြာတွင် ခြေလက်ထုံကျင်ခြင်း သက်သာပြီး ဗိုက်နာခြင်းလည်းသက်သာ လာပါသည်။ ည အိပ်ရာဝင်စဉ် မီးမွေးထားရန် နှင့် အိပ်ရာအောက်တွင် ဂုံနီအိတ်များ ထပ်ခင်းထားရန် မှာကြားခဲ့ပါသည်။
- ထိုနေ့တွင် မိုးတဖွဲဖွဲဖြင့် ရွာတချက် မရွာတချက်ဖြစ် နေပြီး ပန်းရံအလုပ်ကို လုပ်နေခဲ့ပါသည်။ ၄င်းပန်းရံ လုပ်သောနေရာသည် ကုန်းမြင့်ပေါ်တွင် တည်ရှိပြီး လေအလွန်တိုက် နေပါသည်။ တနေကုန် မာဆလာနယ်လိုက်၊ မိုးရေခံလိုက် ဖြစ်နေခဲ့ပါသည်။ နေ့ခင်းတွင် မြေပဲပြုတ်စားခဲ့ပါသည်။ ယာယီမိုးကာ ဖျင်တဲဖြင့် နေထိုင်ကြပြီး လေလုံခြင်း မရှိ။ မြေကြီးပေါ်တွင် ဝါးခြမ်းခင်း၍ အိပ်ရသည်

# အုတ်ပူမီးဖုတ်ပြုလုပ်ပုံ



(၁)မီးပြင်းပြင်းတွင် အုတ်နီခဲကို နာရီ ဝက်ခန့်မီးဖုတ်ပါ။



(၂) ငှင်းအုတ်ပူကို ရေအပြည့် ထည့်ထားသော ဇလုံတွင် ခဏ စိမ်ထားလိုက်ပါ။



အဝတ်ထူထူပေါ်တွင် နနွင်း၊ ဂျင်း၊ မိသလင်၊ ရှောက်ရွက်၊ ကြောင်ပန်းရွက်၊
မဲဒီဒုတ်ရွက်များကို ထုထောင်းပြီး ဖြန့်ခင်းထားပါ။





အုတ်ပူကိုရေထဲ မှဆယ်ယူပြီး ဆေးခင်းထားသော အဝတ်တွင်းထည့်
ပြီးပတ်ထုတ်ထားပါ။



၎င်း အဝတ်ထုတ်ဖြင့် ဝေဒနာရှင်အား အိပ်ရာတွင် အိပ်စေပါသည်။

- အရေးပေါ် လူနာများသည် ခဏအကြာတွင် ချေးထွက်လာပြီး ခံစားရသော ဝေဒနာများသက်သာလာခဲ့ပါသည်။
- နာတာရှည် လူနာများသည် ချေးအနည်းငယ်သာ ထွက်ပြီး ၃-၄ ရက်ခြောက်မှသာ ချေးထွက်များလာပါသည်။
- ပတ်ဖွဲ့ခြင်း များလွန်း ပါက ကျင်သော ဝေဒနာခံစားရပါသည်။
- ရေငတ်လာပါက ရေနွေးသာသောက်စေပါသည်။
- ချေးထုတ်ခြင်း ရပ်လိုပါက ချေးကိုခြောက် အောင်မြန်မြန် သုတ်ပြီး အဝတ်လဲ စေကာ၊ သဗ္ဗယျ ဆေးစပ်ကြီး (သို့) ဆေးပုလဲကလာဂ်ကို ရေနွေး နှင့် သောက်စေပါသည်။ လိမ်းဆေးဆီကို ဆက်လိမ်းနိုင်းပါသည်။
- အုတ်ပူမီးဖုတ် ပြုလုပ်ပြီး ချက်ချင်း လေစိမ်းရေစိမ်း မထိစေရပါ။
- နာတာရှည် လူနာအတွက် နေ့စဉ် တရက်တခါဖြင့် ဝေဒနာ သက်သာလာသည် အထိပြုလုပ်စေသည်။

# ဆောင်ရန်၊ ရှောင်ရန်

- သဘာဝလွန် အစားအစာရှောင်ရန် (ဆီပူပူ မီးရဲရဲဖြင့် ကြော်ထားသော အစားများ၊ ပေါင်းထားသောအစာ၊ ဖျော်ရည်များ၊ လက်သုတ်ချဉ်များ)
- အနှိပ်ခံခြင်းမပြုရ။
- အကြောများပြေလျော့စေသော လေ့ကျင့်ခန်းများ ပြုလုပ်ရန်။

# အသုံးပြုသော ဆေးများ

- ဆီးရှင် ဝမ်းနုတ်ဆေး
- ဆေးပုလဲလာက်၊ သဗ္ဗယျ ဆေးစပ်ကြီး၊ အစာကြေ
- အားဆေး (သို့) Ferous Sulphate, Folic Acid , Burplex
- လိမ်းဆေးဆီ

# သုံးသပ်ချက်

- ကျွန်ုပ် အတွေ့အကြုံ အရ အနောက်တိုင်းဆေး ပညာဖြင့် ရှာဖွေ၍ မရသော ဝေဒနာများကို တိုင်းရင်းဆေး ပညာ ဖြင့် အလွယ်တကူ ဖြေရှင်းနိုင်ခဲ့ခြင်း။
- ကျွန်ုပ် အပါ အဝင် ဝေဒနာရှင်များ သည် လက္ခဏာ တမျိုးစီ ဖြစ်နေသော်လည်း အအေး အကြောင်းခံ၍ ဖြစ်သော ဝေဒနာများ ဖြစ်ခြင်း။
- အစားအသောက် အနေ အထိုင်ကြောင့် ဝေဒနာခံစားရခြင်း။
- မိမိပတ်ဝန်းကျင်ရှိ သဘာဝ အရင်းအမြစ်ဖြင့် အလွယ်တကူ ကုသပေးနိုင်ခြင်း။
- အုတ်ပူမီးဖုတ် နှင့် စားဆေး လိမ်းဆေးများဖြင့် ဝမ်းပုတ်၊ သွေးပုတ်များ ကျဆင်းပြီးပါက ဝေဒနာ သက်သာလာခြင်း။

# နိဂုံး

- ကျွန်ုပ်သည် တိုင်းရင်းဆေး ပညာ အသိ အမှတ်ပြု လက်မှတ်ရ ပညာရှင် တဦးမဟုတ်ပါ။ ကျွန်ုပ် ၏ ကျန်းမာရေး အခြေအနေ နှင့် ဝါသနာအရ တိုင်းရင်းဆေးပညာ ရှင်များ ထံ တိုင်းရင်းဆေး ပညာ လေ့လာခြင်း။ ပညာရှင်များ ရေးသားသော စာအုပ် စာပေများ ဖတ်ရှု လေ့လာခြင်းဖြင့် တိုင်းရင်းဆေးပညာ ကို အသုံးချ၍ ကျွန်ုပ်မိသားစု အပါအဝင် ကျွန်ုပ်အား အားကိုးယုံကြည့်သော လူနာများကို ကုသပေးခဲ့ပါသည်။ ထိုသို့ ကုသ ပေးခဲ့ရာမှ အုတ်ပူမီးဖုတ်ခြင်း ကုသပေးခဲ့သော လူနာ တချို့အား ရွေးချယ်တင်ပြခြင်းဖြစ်ပါသည်။ တိုင်းရင်းဆေး ပညာရှင်တဦး မဟုတ်ဘဲ တိုင်းရင်းဆေး ပညာဝါသနာရှင်တဦး၏ စာတမ်းမှ လိုအပ်ချက်များကို ဖြည့်စွက်ပေးပါရန် နှင့် ကျွန်ုပ်၏ယူဆချက်များမှား ယွင်းနေပါက ပြင်ဆင်ပေးပါရန် ဆေးပညာရှင်များအားပန်ကြားရင်း................

ကျွန်ုပ်၏ လေ့လာတွေ့ ရှိချက် အရ တိုင်းရင်းဆေး ပညာဖြင့် လက်လှမ်း မမှီ နိုင်သော အနောက်တိုင်းဆေး ပညာ ရပ်များ ရှိသကဲ့သို့ အနောက်တိုင်း ဆေးပညာ ဖြင့် မှတ်ကျောက်တင် ၍ မရသော တိုင်းရင်းဆေး ပညာ၏ အတွေး အခေါ် အယူအဆ ကုထုံး ကုနည်းများ ကိုတွေ့ရှိ ခဲ့ရ ပါသည်။ ထို့ကြောင့် ဤ စာတမ်း သည် .......
"တိုင်းရင်းဆေး ပညာ ကို တိုင်းရင်းဆေး အမြင်" ဖြင့် တင်ပြခြင်း ဖြစ်ပါသည်။

# ကျေးဇူးတင်လွှာ

- ဤစာတမ်းကို တင်ပြရန် အကြံပြုသော ရှမ်းပြည်နယ် တိုင်းရင်း ဆေးပညာ ဦးစီဌာန ဦးစီးမှူး ဦးကျော်စိုး နှင့် တိုင်းရင်း ဆေးပညာ လေ့လာ ခွင့်ပြုသော ခင်ပွန်း ဖြစ်သူ ဒေါက်တာ ခွန်ဇော်မင်းဦး နှင့် ကုသခံ လူနာများ အား ကျေးဇူး အထူးတင် ရှိပါသည်။